# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 2, 2024 | Volume 81, Number 2


၂.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၆၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅3.71 ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အညာမြေပဲများ လက်ကျန်နည်းလာသော်လည်း ဈေးမြင့်တက်ခြင်းမရှိ အရောင်းအဝယ်သွက်နေ



အညာမြေပဲများ လက်ကျန်နည်းလာသော်လည်း ဈေးမြင့်တက်ခြင်းမရှိ အရောင်းအဝယ်သွက်နေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှသိရသည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်မှာ ထူးခြားသည့် အရောင်းအဝယ်မျိုးမရှိသေးဘဲ လက်ရှိဈေးတန်းအတိုင်းသာ ပုံမှန်အရောင်းအဝယ်ရှိနေကြောင်း၊ ငွေသားမကိုင်လို သည့် လှောင်လက်သမားများက ဝယ်ယူနေပြီး ငွေသားကိုင်ထားလိုသူက ရောင်းချ နေသည့် အရောင်းအဝယ်ပုံစံဖြစ်နေကြောင်း၊ မကြာမီ အောင်လံ၊ မကွေးဒေသများမှ မြေပဲဆန်အသစ်များ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ပို့ကုန်ပဲများဈေးငြိမ်နေသည်မှာ တစ်လကျော်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပဲဈေးကွက်ကတော့ သိပ်ထူးခြားတာမျိုးမရှိပါဘူး။ အရောင်းအဝယ်သွက်နေတာက မြေပဲနဲ့နှမ်းပဲရှိပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိတယ်။ ကုလားပဲဈေးတန်းကလည်း အောက်ခံဈေးတန်းအတိုင်းပဲရှိပါတယ်။ ပို့ကုန်ပဲတွေလည်း ခပ်အေးအေးသာရှိနေသောကြောင့် အရောင်းအဝယ် သိပ်မကောင်းသေးပါဘူး။ လက်ရှိဈေးကွက်မှာ လှောင်လက်သမားတွေ ငွေကိုင်ထားချင်သူကရောင်း၊ ငွေမကိုင်ထားချင်သူက ဝယ်နေတဲ့အခြေအနေမျိုးနဲ့ အရောင်းအဝယ်ဖြစ်နေတာပါ။ ဇူလိုင်တစ်လလုံးကတော့ အရောင်းအဝယ် သိပ်မကောင်းခဲ့ပါဘူး။ နောက်ထပ် သီတင်းပတ်တွေမှာ အောင်လံ၊ မကွေးကနေ မြေပဲဆန်အသစ်တွေ ဝင်လာစရာရှိပါတယ်။ လက်ရှိမှာ

အညာမြေပဲဆန်လက်ကျန်နည်းတော့ အရောင်းသွက်နေပါတယ်”ဟု ၎င်းကပြောသည်။

ဩဂုတ် ၁ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၁၈,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး နယ်အရောင်းအဝယ်လျော့ကျနေရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၂,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၄,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

မြေပဲဆန်နှင့်နှမ်းမျိုးစုံ ဈေးမြင့်တက်ခြင်းမရှိသော်လည်း အရောင်းအဝယ်သွက်နေရာ ဩဂုတ် ၁ ရက်အတွက် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ ပဲပုပ် တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေ ကျပ် ၄၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀- ၃၄၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇,၅၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၁ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၅၅၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၄၅,၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၁၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ရွှေသွယ်ရင် ဆန်အိတ် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၅၉,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

“ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်က ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန်အိတ် ၈၅,၀၀၀ သို့ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ဒေသထွက် နွေစပါးအဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ အတက်အကျမရှိ ပုံမှန်အခြေအနေမှာရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ ဒီဘက်ကဆန်တွေကို မှာယူထားပါတယ်” ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ရွှေသွယ်ရင်ဆန် တစ်အိတ်လျှင် ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါး အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ် မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ထံမှသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း လယ်ကဏန်း ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ လယ်ကဏန်းပိဿာချိန် ၈၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်စျေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ လယ်ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်ကို လယ်ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကိုပါ အဓိကတင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ လယ်ကဏန်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်း လိုအပ်ချက်နဲ့ ပြည်ပစျေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်စုမွန်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ လယ်ကဏန်းများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅,၀၀၀ ထိ စျေးပေါက်နေကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ အဆင်ပြေလာကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးကပြောပြ၍သိရသည်။

ဟသ်ာတမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှစ၍ ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ပဲလွမ်းဖြူများကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများလာပြီး ဒေသအတွင်း ပဲလွမ်းအဖြူများ လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

"ပဲလွမ်းဖြူတွေကို ဒေသစျေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဇူလိုင်လ ဒုတိယပတ်လောက်ကနေ သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခုအဝယ်လိုက်နေတဲ့အပြင် စျေးလဲအနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နှုန်းနည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ မထွက်သေးပါဘူး"ဟု ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးကပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၉,၂၀၀ ထိစျေးပေါက်နေကြောင်း၊ ဟသ်ာတမြို့နယ်ထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်စျေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းစသည်တို့ကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဩဂုတ်လအတွက် ဆန်ကြမ်းဈေး တစ်အိတ်လျှင် ကျပ် ၆၈,၀၀၀ မှ ၈၀,၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ မှ ၁၄၅,၀၀၀ ကြား သတ်မှတ်ထားပြီး ယင်းအပေါ် ရှစ်ရာခိုင်နှုန်းထက် ပို၍ရောင်းချခြင်းမပြုရန် အသိပေး

ဩဂုတ်လအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းထုတ်ပြန်ထားပြီး ဆန်ကြမ်းအုပ်စုအတွက် တစ်အိတ်လျှင် ကျပ် ၆၈,၀၀၀ မှ ၈၀,၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ မှ ၁၄၅,၀၀၀ ကြား သတ်မှတ်ထားကာ ယင်းဈေးနှုန်းအပေါ် ၈ ရာခိုင်နှုန်းထက်ပို၍ရောင်းချခြင်းမပြုရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

ပြည်ပတင်ပို့သည့် ဆန်ကြမ်းအုပ်စုဖြစ်သည့် (ဧည့်မထ/ငစိန်)၊ ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပုံ၊ GW-၁၁၊ စောရှုပ်၊ ၇၄၇၊ သီးပုံ၊ ရွှေမန်းစသော ဧည့်မထ/ငစိန် အုပ်စုဝင် ဆန်ကြမ်းများအတွက် ၁၀၈ ပေါင်/ ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၆၈,၀၀၀ မှ ကျပ် ၈၀,၀၀၀ ကြား သတ်မှတ်ထားသည်။

ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်းစားသုံးမှုရှိသည့် ဆန်အုပ်စုဖြစ်သည့် ဧယာ၊ ငွေတိုး၊ မင်းရော၊ နံ့ကောက်၊ နွေ-မနောသုခ စသည်တို့အား တစ်အိတ်လျှင် ကျပ် ၈၇၀၀၀ သတ်မှတ်ထားသည်။ ရော၀တီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးမှထွက်သည့် စားသုံးမှုအရည်အသွေးကောင်းမွန်သော ပြည်တွင်းစားသုံးဆန်များဖြစ်သည့် ရောမင်း၊ အညာသား၊ ပခန်းဆန်များ၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ဖန်သီးသုခ၊ လုံးသွယ်မွှေးဆန်အတွက် တစ်အိတ်လျှင် ကျပ် ၉၈,၀၀၀ သတ်မှတ်ထားသည်။

မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းမှထွက်သည့် အရည်အသွေး အထူးကောင်းမွန်သည့် ဆန်များဖြစ်သည့် ရောမင်း၊ ရောပဒေသာ၊ မဂျမ်းတောဆန်များအတွက် တစ်အိတ်လျှင် ကျပ် ၁၀၀,၀၀၀မှ ၁၃၀,၀၀၀ ကြား သတ်မှတ်ထားသည်။

ရော၀တီပေါ်ဆန်းဆန်များအတွက် ပထမတန်း(အဆင့်မြင့်)ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀၊ ဒုတိယတန်း တစ်အိတ်လျှင် ကျပ် ၁၁၅,၀၀၀ မှ ၁၃၀,၀၀၀ ကြားသတ်မှတ်ထားသည်။ ပေါ်ဆန်းအုပ်စုဖြစ်သည့် ခွံနီ/ပေါ်ကွဲ တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀၊ ဘေးကြား/ ကြားပျံ တစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀ သတ်မှတ်ထားသည်။ ရွှေဘိုပေါ်ဆန်းအတွက် ပထမတန်း(အဆင့်မြင့်)တစ်အိတ်လျှင် ကျပ် ၁၄၅,၀၀၀၊ ဒုတိယတန်းတစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ သတ်မှတ်ထားသည်။

ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချမှု အနည်းငယ်သာရှိသည့် ရှမ်းဆန်များ၊ ကောက်ညှင်းဆန်များ၊ ရေကြည်ပေါ်ဆန်း၊ ဘာစမာတီဆန်၊ နမ့်သလေးဆန်၊ ခေါက်နမ်းခမ်းဆန်၊ ဆန်နီ၊ ဆန်ညို(Rice Berry)၊ ပေါင်းဆန်၊ စံပယ်ဆန်မွှေး(Jasmine) အစရှိသော အမြောက်အမြား ထုတ်လုပ်မှုမရှိသည့် ဆန်အမျိုးအစားများကို ဈေးနှုန်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခြင်း မရှိပေ။

ဈေးကွက်အတွင်းရောင်းချရာတွင် အထက်ဖော်ပြပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများအပေါ် ၈ ရာခိုင်နှုန်း ထက်ပို၍ ရောင်းချခြင်း မပြုရန်ဖြစ်သည်။ အထက်ပါ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းတွက်ချက်မှုများမှာ အောက်ပါအချက်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သည်-

(က) စိုက်ပျိုးသူတောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ သိုလှောင်ဖြန့်ဖြူး ရောင်းချသူ များနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန် ထည့်သွင်းစဉ်းစားမှု

(ခ) ယခင်နှစ် ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်းများနှင့် ချင့်ချိန်ဆက်စပ် တွက်ချက်ထားခြင်း ဖြစ်သည်။

ဝယ်ယူရန်အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် သင့်တင့်မျှတသော ဈေးနှုန်းများနှင့်ရောင်းချခြင်းမပြုသော အခြေအနေများကိုသိရှိပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/

## ကမ္ဘာ့ဆန်ထောက်ပံ့မှု မြင့်တက်လာနိုင်ခြင်းကြောင့် လာမည့်နှစ်တွင် ထိုင်းဆန်တင်ပို့မှုအပေါ် ထိခိုက်မှုရှိလာနိုင်

ထိုင်းနိုင်ငံ၌ ဆန်အမျိုးအစားများအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှု (Research and Development-R&D) မရှိခြင်း၊ ကမ္ဘာ့ဆန်ထောက်ပံ့မှု မြင့်တက်လာခြင်း၊ နှစ်ဆုံးပိုင်းတွင် အိန္ဒိယက ၎င်း၏ဆန်တင်ပို့မှု ကန့်သတ်ချက်များကို ဖယ်ရှားလာနိုင်ခြင်းစသည်တို့ကြောင့် ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေနိုင်ပြီး လာမည့်နှစ် ဆန်တင်ပို့မှုသည် တန်ချိန် ၈ သန်းအောက် လျော့နည်းနိုင်ကြောင်း Thai Rice Exporters' Association ၏ ပြောကြားချက်အရ သိရသည်။

လာမည့်နှစ် ထိုင်းဆန်တင်ပို့မှုသည် ယခင်ခန့်မှန်းထားသည့် တန်ချိန် ၈ ဒသမ ၂ သန်းအောက် လျော့နည်းနိုင်ကြောင်း၊ ကမ္ဘာ့ဆန်လက်ကျန် ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသဖြင့် တန်ချိန် ၅၂၈ သန်းရှိနေခြင်း၊ လာနီညာရာသီဥတုကြောင့် စိုက်ပျိုးချိန်၌ မိုးရေချိန်တိုးတက်ရရှိခဲ့ခြင်း၊ ဆန်အမျိုးအစားများအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှု (Research and Development-R&D) မရှိခြင်းကြောင့် အခြားသော ဆန်တင်ပို့သည့်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ထက် ၁ ရိုင်လျှင် ဆန်ထွက်ရှိမှုကျဆင်းလာနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာခြင်း၊ နှစ်ဆုံးပိုင်းတွင် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် အိန္ဒိယ၏ ကန့်သတ်ချက်ဖယ်ရှားလာနိုင်ခြင်းတို့သည် သတိမူရမည့်အချက်များဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ Mr. Charoen Laothanatas က သုံးသပ်ပြောကြားသည်။

ထိုင်းနိုင်ငံအနေဖြင့် ဆန်ပျော့အမျိုးအစားကို ပိုမိုကြိုက်နှစ်သက်သည့် ကမ္ဘာ့ဈေးကွက်လိုလားချက်နှင့် ကိုက်ညီစေရေး အတွက် ဆန်မူဝါဒများကို ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရန် အထွက်နှုန်းတိုးစေရေးအတွက် R&D တွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း၊ ဗီယက်နမ်သည် အိန္ဒိယမှ ဈေးနည်းသော ဆန်များဝယ်ယူတင်သွင်းခြင်းဖြင့် ဆန်ပို့ကုန်မူဝါဒကို ချိန်ညှိလျက်ရှိပါကြောင်း၊ ရနံ့ပါဆန်နှင့် ဆန်ပျော့များကို ပို့ကုန်အတွက် အရည်အသွေးမြင့်ဆန်များအဖြစ် ဖန်တီးခြင်းဖြင့် ရောင်းဈေးအမြင့်နှင့် တန်ဖိုးမြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ယင်းပြဿနာအတွက် ဆောင်ရွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက အဓိက ဆန်တင်ပို့သည့် နိုင်ငံများ၌ ၎င်း၏ ဈေးကွက်ခွဲဝေမှုကျဆင်းနိုင်ပြီး တရုတ်နိုင်ငံသည် ဆန်အမျိုးအစားများစွာနှင့် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများကြောင့် ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သူဖြစ်လာနိုင်ကြောင်း၊ နိုင်ငံအများစုသည်လည်း ကိုယ်တိုင်လုံလောက်မှုမူဝါဒသို့ ပြောင်းလဲလာကြကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အိန္ဒိယသည် ဆန်တင်ပို့မှု တန်ချိန် ၁၈ သန်းဖြင့် ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သူအဖြစ် ရပ်တည်နေမည်ဖြစ်ပြီး ထိုင်းနိုင်ငံသည် တန်ချိန် ၇ ဒသမ ၅ သန်း၊ ဗီယက်နမ်သည် တန်ချိန် ၇ ဒသမ ၅ သန်းနှင့် ပါကစ္စတန်သည် တန်ချိန် ၅ ဒသမ ၆ သန်း အသီးသီး တင်ပို့နိုင်မည်ဟု အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းဆန်တင်ပို့မှုသည် ၁ လလျှင် ပျမ်းမျှ တန်ချိန် ၇ သိန်း တင်ပို့နိုင်ပါက ရည်မှန်းထားသည့် တန်ချိန် ၈ ဒသမ ၂ သန်းကို ပြည့်မီနိုင်ပြီး တန်ချိန် ၉ သန်းထိ ရောက်ရှိနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီဥတုကြောင့် မိုးရေချိန်တိုးလာနိုင်ပြီး ပုံမှန်ဆန်လက်ကျန် တန်ချိန် ၁၄၀ သန်းသို့ ရောက်ရှိလာပါက ၎င်း၏ဆန်တင်ပို့မှု ကန့်သတ်ချက်အပေါ် ပြန်လည်သုံးသပ်လာနိုင် သဖြင့် ဆန်မူဝါဒကို စောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ အိန္ဒိယဆန်ဈေးနှုန်းသည် အခြားသော ဆန်တင်ပို့သည့်နိုင်ငံများထက် သက်သာသဖြင့် ကမ္ဘာ့ဆန်တင်ပို့မှုကို သက်ရောက်လာနိုင်ကြောင်း Thai Rice Exporters Association ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က သုံးသပ်အကြံပြုထားသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (2.8.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 21 | 186,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 6,283 | 22,151,150 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 152 | 1,261,600 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 148 | 261,900 | 29,664,613 | 53,396 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 44 | 127,650 | 12,823,224 | 37,829 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 677 | 1,198,600 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 101 | 350,850 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 1st Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.39 | +0.18 | +0.04% | 411.65 | 412.39 | 411.27 | 7,426 | 25,538,650 | 8 | 777,853 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Aug. 2024

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

### Main Board

As of 1:00 pm, 1st Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,426 (Shares) | 25,538,650 (MMK) |

| MYANPIX | 412.39 ▲ 0.18 |
|---|---|
| Total Volume (shares) | 7,426 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,853 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 50 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,450 | ▼ 50 |